# လူမျိုးပေါင်းစုံ အထွေထွေသပိတ်ကော်မတီ

## ကြေညာချက်(၂/၂၀၂၁)

ရက်စွဲ။ ။၂၀၂၁ခုနှစ်၊ မတ်လ၊ ၂ရက်။

၁၉၆၂ ခုနှစ် မတ်လ (၂) ရက်နေ့တွင် စစ်တပ်မှ စတင် အာဏာသိမ်းခဲ့ရာ ယနေ့သည် (၅၉) နှစ်ပြည့်ခဲ့ပြီဖြစ်ပြီး မြန်မာနိုင်ငံတွင် စစ်အာဏာသိမ်းမှုသည် (၃)ကြိမ်တိုင်တိုင် ရှိပြီဖြစ်သည်။ ထို့အပြင် လွတ်လပ်ရေးရပြီးကာလ ကစတင်ကတည်းက စစ်တပ်သည် မတရားနည်းဖြင့် နိုင်ငံရေးအခန်းကဏ္ဍတွင် ပါဝင်လာပြီး ပြည်တွင်းစစ်အဟုန်ကို မြှင့်တင်ကာ လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ အရပ်သားများအသတ်ခံရမှုများ၊ အမျိုးသမီးများမုဒိန်းကျင့်ခံ ရမှုများကို ခံစားခဲ့ရပြီး ယနေ့ စစ်အာဏာသိမ်း ကာလတွင်လည်း ထိုဒေသများတွင် စစ်ပွဲများဆက်လက် ဖြစ်ပွား နေလျှက်ရှိသည်။ စစ်အာဏာသိမ်းမှု ကာလတလျှောက် တွင်လည်း ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်လျက်ရှိသော ပြည်သူများကို စစ်လက်နက်များဖြင့် အကြမ်းဖက် နည်းလမ်းများအသုံးပြု ဖြိုခွင်းခဲ့ရာယနေ့အခင်းအကျင်း တွင်လည်း ၎င်းတို့ဘက်မှ စစ်လက်နက်ဖြင့် ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူ (၃၀) ဝန်းကျင်သေဆုံးခဲ့ရပြီး မတရားဖမ်းဆီး ထိန်းသိမ်းခံရသူ (၁၀၀၀)ကျော် ရှိပြီဖြစ်သည်။

ထို့ကြောင့် လူမျိုးပေါင်းစုံအထွေထွေသပိတ်ကော်မတီမှ အောက်ပါသဘောထားများကို ထုတ်ပြန်ကြေညာလိုက်သည်။

(၁) အရပ်သားအစိုးရထံမှ မတရားအာဏာသိမ်းယူထားသည့် စစ်ကောင်စီကို တရားမဝင်အဖွဲ့အစည်းအဖြစ်သတ်မှတ်သည်။

(၂) အကြမ်းမဖက်သည့် နည်းလမ်းများဖြင့် ဆန္ဒထုတ်ဖော်နေသော တနိုင်ငံလုံးရှိ ပြည်သူလူထုအားလုံးကိုစစ်လက်နက် ဖြင့် အကြမ်းဖက် ဖြိုခွင်းနှိမ်နင်းခြင်းကို ပြုလုပ်နေသည့် စစ်တပ်နှင့် ရဲတပ်ဖွဲ့ကို အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ အဖြစ်သတ်မှတ်သည်။

(၃) ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်နေကြသည့် မြန်မာပြည်အနယ်နယ်အရပ်ရပ်ရှိ ပြည်သူများကို လက်နက်အားကိုးဖြင့်အကြမ်းဖက်နေသည့် မြန်မာစစ်တပ်/ရဲတပ်ဖွဲ့တို့ကို ပြန်လည်တုန့်ပြန်နိုင်ရန်အတွက် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများဘက်မှ တပ်ပေါင်းစုအားဖြင့် ပြည်သူ၏ အသက်အန္တရာယ်များကို ကာကွယ်နိုင်ရန် ကြိုးစားဆောင်ရွက်သွားရန်တောင်းဆိုသည်။

Email: gscn2021@gmail.com, GSCN@protonmail.com

(၄) တရားမဝင်အဖွဲ့အစည်းဖြစ်သော စစ်ကောင်စီ၊ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များဖြစ်သော မြန်မာစစ်တပ်နှင့် ရဲတပ်ဖွဲ့အား International Court of Justice (ICJ) တွင် အရေးယူမည့် အပေါ် ထောက်ခံ ကြိုဆိုသည်။

(၅) အာဏာရှင် ဆန့်ကျင်လှုပ်ရှားမှုတွင် CDMနှင့် ပြည်သူလူထုအားလုံး၏ အခန်းကဏ္ဍမှာအလွန်အရေးကြီးသောကြောင့် မိမိတို့ကော်မတီမှာ အပြည့်အဝထောက်ခံအားပေးလျက်ရှိပါသည်။ ထို့ကြောင့် CDM ကို ထောက်ခံ၊ အားပေး၊ ဝန်းရံလျှက်ရှိပြီး ကူညီနိုင်သည့်ဘက်မှ အလုံးစုံကူညီထောက်ပံ့နိုင်ရန် အစွမ်းကုန် ဆက်လက်ကြိုးပမ်းသွားမည်။

**လူမျိုးပေါင်းစုံအထွေထွေသပိတ်ကော်မတီ**

**General Strike Committee of Nationalities**

Email: gscn2021@gmail.com, GSCN@protonmail.com